# Burmese Democratic Futures Working Group

# University of Virginia

## ၂၀၂၄ ဇူလိုင်လ အနှစ်ချုပ်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်းတွင် စစ်ကောင်စီသည် စစ်ရေးရှုံးနိမ့်မှုများစွာကို ကြုံတွေ့ခဲ့ရပါသည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း တိုက်ပွဲကြီးငယ်ပေါင်း ၃၅၅ ကြိမ်ဖြစ်ပွားကာ၊ စစ်ကောင်စီတပ်သား ၁၃၈၄ ဦး သေဆုံးခဲ့ပြီး၊ တော်လှန်ရေးအင်အားစုများဖက်မှ ၃၅ ဦးကျဆုံးခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်းတွင် စစ်ကောင်စီ၏ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှု၊ အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုတို့ အပါအဝင် စစ်ကောင်စီတပ်ဖွဲ့များ၏ လူမဆန်သောရက်စက်မှုများကြောင့် ကလေးငယ် ၁၀ ဦးအပါအဝင်၊ အရပ်သား ပြည်သူ ၂၄၆ ဦးသေဆုံးခဲ့ရသည်။

## ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်းဖြစ်ပေါ်တိုးတက် / ပျက်စီး ဆုတ်ယုတ်မှုများ

## ဇူလိုင်လအတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၂၃၆ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် သံဃာ ၄ ပါး၊ ကလေး ၁၀ ဦး၊ အမျိုးသမီး ၂၁ ဦး ပါဝင်ပါသည်။

မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၉၅၆ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- ဇူလိုင် ၁၅ ရက်တွင် ပဲခူးတိုင်း၊ မင်းလှမြို့နယ်၊ ပဲခူးရိုးမအတွင်းရှိ ဆားချောင်းကျေးရွာသို့ လက်နက်ကြီး၊ လက်နက်ငယ်များ ပစ်ခတ်ကာ စစ်ကြောင်းတက်လာသော စစ်ကောင်စီတပ်ကို ကာကွယ်ရေးတပ်ဖွဲ့မှ ကြားဖြတ်တိုက်ခိုက်ရာ  စစ်သား ၇ ဦးသေဆုံးခဲ့ပြီး စစ်တပ်မှ နေအိမ် ၃၀ ကို မီးရှို့ဖျက်ဆီးသွားခဲ့သည်။

- မကွေးတိုင်း၊ မြိုင်မြို့နယ်တောင်ပိုင်း၊ အိုရင်းကျေးရွာက အမျိုးသမီးတဦးကို စစ်ကောင်စီတပ်သားတွေက ဇူလိုင် ၇ ရက်နေ့မှာ မုဒိမ်းကျင့်သတ်ဖြတ်ပြီး လူနေအိမ် ၃၀ နီးပါးကိုလည်း မီးရှို့ဖျက်ဆီးခဲ့ပါသည်။

- မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ တူရင်းဘိုရွာကို စစ်ကောင်စီတပ်က ဇူလိုင်လ ၄ ရက်နေ့မှာ စီးနင်းဝင်ရောက်ခဲ့ပြီး **နေအိမ် ၁၂ လုံး**ကို မီးရှို့ဖျက်ဆီးခဲ့ပါသည်။

- မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ် လက်ဝဲ - မြင်းနီကျေးရွာရှိ အိမ်ခြေ ၅၀၀ ကျော်အား ဇူလိုင်လ ၁၀ ရက်တွင် စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးခြင်းကြောင့် နာမကျန်းသက်ကြီးရွယ်အို ငါးဦး သေဆုံးသွားကြောင်း သိရသည်။

- မန္တလေးတိုင်း၊ မိုးကုတ်မြို့အရှေ့ပိုင်း၊မြို့မရပ်ကွက်ထဲသို့ ဇူလိုင် ၁၃ ရက်နေ့တွင် စစ်တပ်ပစ်ခတ်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ရာ အိမ် ၃ လုံး မီးလောင်ပျက်စီးခဲ့ရသည်။

- ဇူလိုင် ၁၇ ရက်တွင် မန္တလေးတိုင်း၊ စဥ့်ကူးမြို့နယ်၊ ရပ်ကွက် ၁ နှင့် ၂ ကို စစ်ကောင်စီတပ်မှ မီးရှို့ ဖျက်ဆီးသွားခဲ့သဖြင့် နေအိမ် ၁၀၀ ကျော်မီးလောင်ပျက်စီးခဲ့ရပါသည်။

- ဇူလိုင် ၂၃ ရက်တွင် စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်ရှိ စစ်ကောင်စီတပ်စွဲရာ ကံကြီးကုန်းကျေးရွာအနီး ၌ တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်သား သုံးဦး သေဆုံးပြီး ၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး စစ်ကောင်စီက လေ ကြောင်းတိုက်ခိုက်ခဲ့၍ လူနေအိမ် လေးလုံးထက်မနည်း မီးလောင်ပျက်စီးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ် မင်းကွန်းရွာနဲ့ ရှားရောင်းရွာကို ဇူလိုင် ၂၃ ရက်နေ့ နေ့လယ်ပိုင်းက စစ်ကောင်စီ တပ်သားတွေ စီးနင်းပြီးနောက် နေအိမ် သုံးဆယ်ကျော် မီးရှို့ဖျက်ဆီးခဲ့ပြီး လူ ၂၀ ကျော် ခန့် ဖမ်းဆီးခံခဲ့ရပါသည်။

- ဇူလိုင် ၂၅ နှင့် ၂၆ ရက်တွင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်တောင်ခြမ်း ထန်းကုန်း၊ ဇီးကုန်းတိုက်နယ် အတွင်းသို့ လက်နက်ကြီးပစ်ခတ်မှုကြောင့် သရက်ခေါင်းရွာသား ၂ ဦး၊ သပြေသာလေးရွာသား ၁ ဦး သေဆုံးခဲ့ကြောင်း၊ သရက် ခေါင်းရွာရှိ နေအိမ် ၇၂ လုံး၊ ရှမ်းတပ်ရွာ နေအိမ် ၁၁၅ လုံး မီးရှို့ဖျက်ဆီး ခံရ ပြီး အရပ်သား ၄ ဦး ဖမ်းဆီးခံခဲ့ရသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့လယ်၌ရှိသော One Love ဟိုတယ်သို့ ဇွန် ၃၀ ရက် ညပိုင်း တွင် စစ်ကောင်စီက လေကြောင်းဖြင့် ဗုံးကြဲခဲ့သောကြောင့် ဟိုတယ်အပါအဝင်အနီးရှိ **နေအိမ် ၂၀** ကျော် မီးလောင်ပျက်စီးခဲ့သည်။

- ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ် နားခိုက်ရွာကို ဇူလိုင်လ ၆ ရက်နေ့မှာ စစ်ကောင်စီ လက်အောက်ခံ ပအိုဝ်းပြည်သူ့စစ် (PNO) တပ်ဖွဲ့က ဝင်ရောက်စီးနင်းပြီး နေအိမ် ၁၄ လုံးကို မီးရှို့ခဲ့သလို ရွာခံသုံးဦးကိုလည်း သတ်ဖြတ်သွားခဲ့သည်။

- ဇူလိုင် ၁၅ ရက်နှင့် ၁၇ ရက်တွင် တနင်္သာရီတိုင်း၊ ကော့သောင်းမြို့နယ်၊ ခမောက်ကြီးမြို့ထဲသို့ စစ်ကြောင်းထိုးဝင်ရောက်လာတဲ့ စစ်ကောင်စီတပ်ဟာ ကျေးရွာ နှစ်ရွာက ဒေသခံနေအိမ် ၂၅ လုံးကို မီးရှို့ဖျက်ဆီးသွားခဲ့သည်။

- ဇူလိုင် ၂၂ ရက်တွင် တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်၊ ပြင်ချောင်းရွာရှိ စစ်တပ်က ဝင်ရောက်စီးနင်းပြီး သပိတ်ကော်မတီဝင်တစ်ဦး၏ နေအိမ်ကို စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံ အမျိုးသမီး နှစ်ဦးအား လူသားဒိုင်းအဖြစ် ဖမ်းဆီးသွားခဲ့သည်။

## ဇူလိုင်လအတွင်း အရပ်သားပြည်သူ ဖမ်းဆီးခံရမှုများ

၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်းတွင် စစ်ကောင်စီသည် မြန်မာနိုင်ငံအနှံ့မှ အပြစ်မဲ့ပြည်သူပေါင်း ၃၁၄ ဦး ဖမ်းဆီးခံခဲ့သည်။

## ဇူလိုင်လအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်းတွင် ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၃၅၅ ကြိမ် ဖြစ်ပွားခဲ့ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၁၂၁ ကြိမ် ဖြစ် ပွားခဲ့သည်။ မန္တလေးတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၈၇ ကြိမ် ဖြစ်ပွားခဲ့ သည်။ စစ်ကိုင်းတိုင်းတွင် ၂၆ ကြိမ် ဖြစ်ပွားခဲ့သည်။ မကွေးတိုင်းတွင် ၁၈ ကြိမ်၊ အာရက္ခတပ်တော်၏ မြို့ သိမ်း၊ စခန်းသိမ်းတိုက်ပွဲများ ဖော်ဆောင်လျက်ရှိသော ရခိုင်ပြည်နယ်တွင် တိုက်ပွဲပေါင်း ၁၆ ကြိမ် ဖြစ်ပွား ခဲ့ပြီး၊ KIA ထိုးစစ်ဆင်နွှဲနေသော ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိုက်ပွဲအရေအတွက် ၁၀ ကြိမ် စီ ဖြစ်ပွားခဲ့ပြီး၊ မွန်ပြည်နယ်တွင် တိုက်ပွဲ ၉ ကြိမ်၊

ကရင်ပြည်နယ်တွင် တိုက်ပွဲ ၅ ကြိမ်၊ ပဲခူးတိုင်းတွင် တိုက်ပွဲ ၄ ကြိမ် နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၃ ကြိမ်တို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း တို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဇူလိုင်လအတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၁၃၈၄ ဦးသေဆုံးခဲ့သည်။ စစ်ကောင်စီတပ်သား သေဆုံးမှု အများဆုံးမှာ ရခိုင်ပြည်နယ်ဖြစ်ပြီး စစ်ကောင်စီတပ်သား ၇၅၂ သေဆုံးခဲ့သည်။ မန္တလေးတိုင်းတွင် ၂၂၂ ဦး၊ စစ်ကိုင်းတိုင်းတွင် ၁၀၄ ဦး၊ တနင်္သာရီတိုင်းတွင် ၉၁ ဦး၊ ကရင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် ၄၇ ဦးစီ၊ တောင်ပိုင်းတွင် ၃၄ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၃၁ ဦး၊ ချင်းပြည်နယ်တွင် ၂၈ ဦး၊ မွန်ပြည်နယ် တွင် စစ်ကောင်စီ တပ်သား ၁၅ ဦးသေဆုံးခဲ့ပြီး ပဲခူးတိုင်းတွင် စစ်ကောင်စီတပ်သား ၁၃ ဦး သေဆုံးခဲ့သည်။

ဇူလိုင်လအတွင်းတွင် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့ဝင် ၃၅ ဦး ကျဆုံးခဲ့သည်။

## ၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂)

### MDY-PDF နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

ဇူလိုင်လအတွင်း မန္တလေးတိုင်းအတွင်းရှိ မြို့နယ်အချို့တွင် MDY-PDF နှင့် ပူးပေါင်းတပ်ဖွဲ့များသည် စစ်ကောင်စီ၏ တပ်စခန်းပေါင်းများစွာကို သိမ်းပိုက်ရရှိခဲ့သည်။

- MDY-PDF သည် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးရွာ ရဲစခန်းကို ဇူလိုင် ၁ ရက်နှင့် ၂ ရက်တို့တွင် တိုက်ခိုက်ခဲ့သည်။ ဇူလိုင် ၂၀ ရက်တွင် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ် အခြေစိုက် အင်းနက်ကျေးရွာ စစ်ဆေးရေးဂိတ်နှင့် စခန်းကုန်းကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်တပ်မှ ၈ ဦး သေဆုံးကာ ၈ ဦးတို့ကို အရှင်ဖမ်းဆီးရရှိခဲ့ပြီး စစ်ကောင်စီ တပ်မှ လေကြောင်းဖြင့် ၂ ကြိမ် ပစ်ကူ တိုက်ခိုက်ခဲ့သည်။

- MDY-PDF သည် စဉ့်ကူးမြို့နယ်ထဲတွင်ရှိသော စစ်ကောင်စီ တပ်စခန်းခြောက်ခုဖြစ်သည့် ဒိုးနွယ်ရွာ တပ်စခန်း၊ နမ့်ဟပ်ရွာ တပ်စခန်း၊ မာလဲဆည် ရှင်းလင်းဆောင် တပ်စခန်း ၊ ရွှေမာလဲစေတီ တပ်ခစန်း ၊ ရွာတော်လေး တပ်စခန်း နှင့် နွယ်ရုံရဲစခန်းများအား အပြီးသတ် သိမ်းပိုက်နိုင်ခဲ့ပြီး စစ်သုံ့ပန်း ၁၃ ဦး အရှင် ဖမ်းမိပါသည်။ ဇူလိုင် ၄ ရက်တွင် လက်ပန်လှကျေးရွာ၊ ရွှေပြည်ကျေးရွာတို့မှ ရဲစခန်းများနှင့် စစ်စခန်းများကို သိမ်းပိုက်ရရှိခဲ့ပါသည်။ အဆိုပါတိုက်ပွဲများတွင် စစ်သားအလောင်းများနှင့် လက်နက် မျိုးစုံ ၄၀ ကျော် သိမ်းဆည်းရရှိခဲ့သည်။ ဇူလိုင် ၈ ရက်တွင်လည်း စစ်ကောင်စီ တပ်စခန်း ၅ ခုကို ထပ်မံ သိမ်းပိုက်ခဲ့ပြီး စစ်ကောင်စီတပ်မှ ဒုတပ်မှူး ဒုတိယ ဗိုလ်မှူးကြီး လှိုင်းထွန်းအောင် အပါအဝင် (၁၅) ဦး ဖမ်းဆီးရမိခဲ့သည်။ စဉ့်ကူးမြို့ကို ဇူလိုင်၁၇ ရက်နေ့တွင် အပြီးသတ်သိမ်းပိုင်နိုင်ခဲ့သည်။ စဉ့်ကူးမြို့ သည် မန္တလေးမြို့နှင့် မိုင် ၄၀ သာ ကွာဝေးသည်။ စဉ့်ကူးမြို့သိမ်းတိုက်ပွဲမှ ထွက်ပြေးလာသော စစ်ကောင်စီ၏ ဒုဗိုလ်မှူးကြီးတစ်ဦးအပါအဝင် အခြားအဆင့်များ၊ တပ်သားများနှင့် ပျူစောထီးများ စုစုပေါင်း ၂၈ ဦးအား ဇူလိုင် ၁၈ ရက်တွင် မိုးကုတ်ဗျူဟာအမှတ်(၁၂၂) တပ်ရင်းက ဖမ်းဆီးရမိခဲ့ သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ထုံးကြီးစခန်းကို ဇူလိုင် ၁၇ ရက်နှင့် ဇူလိုင် ၁၈ ရက်တွင် တိုက်ခိုက် သိမ်းပိုက်ခဲ့ပြီး စစ်သုံ့ပန်း ငါးဆယ်နီးပါးကို ဖမ်းဆီးခဲ့ပါသည်။ စဉ့်ကူးမြို့နယ်ရှိ ကျန်ရှိနေသော ရွာသာယာရွာပျူစခန်းအား ဇူလိုင် ၂၅ ရက်တွင် ဒေသကာကွယ်ရေးအဖွဲ့များက ဝင်ရောက်တိုက်ခိုက် ရာ တိုက်ပွဲပြင်းထန်ခဲ့ပြီး စခန်းသိမ်းနိုင်ခဲ့သည်။

- MDY-PDF သည် ဇူလိုင် ၄ ရက်တွင် မတ္တရာမြို့နယ်အတွင်းမှ စစ်ကောင်စီ၏ ပင်လယ်ကြီးစခန်းကို သိမ်းနိုင်ခဲ့ပြီး စစ်ကောင်စီ တပ်သား ၃၀ ကျော်သေဆုံးခဲ့သည်။ ထို့အတူ ရေနံ့သာကျေးရွာ ရဲစခန်းနှင့် စစ်တပ်စခန်းကို ဇူလိုင် ၄ ရက်က သိမ်းပိုက်ရရှိခဲ့သည်။ ဇူလိုင် ၁၁ ရက်တွင် မန္တလေးတိုင်း၊ မတ္တရာ မြို့နယ်၊ မြောက်တံငါ တပ်စခန်းနှင့် Alpha ဘိလပ်မြေ စက်ရုံရှိ စစ်တပ်၏ ကာကင်းစခန်းကို MDY-PDF က သိမ်းပိုက်ရရှိကာ စစ်ကောင်စီတပ်ဖွဲ့ဝင်စုစုပေါင်း ၉ ဦး သေဆုံးခဲ့သည်။ ဇူလိုင် ၃၁ ရက်တွင် မတ္တရာမြို့နယ်မှ ငါးလုံးပြွန်၊ တောင်ကန်၊ အောင်သပြေ၊ မြို့ကုန်း၊ ထန်းပင်ကုန်း၊ ဘိုကုန်းရွာများရှိ တပ်စခန်းများနှင့် အောင်သပြေကားကွင်းတပ်စခန်းကို Mdy-DPF မှ သိမ်းပိုက်ရရှိခဲ့သည်။ မတ္တရာ မြို့နယ်အတွင်း သိမ်းပိုက်ရရှိသော စစ်ကောင်စီတပ်စခန်း အရေအတွက် မှာ ၃၅ ခု ရှိခဲ့သည်။

## TNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- TNLA နဲ့ ပူးပေါင်းတပ်တွေက ဇွန် ၃၀ ရက်နေ့မှာ မိုးကုတ်မြို့ရှိ စစ်ကောင်စီရဲ့ ရွှေမျက်ဝန်းတပ်စခန်းကို သိမ်းပိုက်နိုင်ခဲ့သည်။ ဇူလိုင် ၈ ရက်နေ့တွင် မန္တလေးတိုင်း၊ မိုးကုတ်မြို့အရှေ့ပိုင်း၌ စစ်ကောင်စီတပ်နဲ့ (TNLA) ပူးပေါင်းအဖွဲ့တွေကြား တိုက်ပွဲများ ပြင်းထန်ခဲ့သည်။ မိုးကုတ်မြို့နှင့် ငါးမိုင်ခန့်ဝေးသော အုပ်ဆောင်းတောင် အနီးတစ်ဝိုက်တွင်လည်း TNLA နှင့် စစ်ကောင်စီတပ် လပခ၊ ခလရ (၈၈၊ ၁၄၈) တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်တပ်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ မိုးကုတ်မြို့နယ်ရှိ မိုင်တိုင်(၅) စစ်ကောင်စီ တပ်စခန်းနှင့် ယောမူး စခန်းတို့ကို TNLA က ထပ်မံ သိမ်းပိုက်ရရှိခဲ့သည်။ ဇူလိုင် ၁၃ ရက်တွင် မိုးကုတ်မြို့နယ်၊ ကမ္ဘာလုံးစေတီ အနီးတစ်ဝိုက်တွင် တပ်စွဲထားသော စစ်ကောင်စီ တပ်ကို TNLA က တိုက်ခိုက်ခဲ့ပြီး မိုးကုတ်မြို့ အရှေ့ပိုင်း၊ ကြက်ခြံနှင့် အမှိုက်ပုံနေရာအနီး၌ စစ်ကောင် စီတပ် လပခ၊ ခလရ ၇၁၊ ၈၈၊ စကခ-၂၁၊ ခလရ၂၃ နှင့် TNLA တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့အတူ သီပေါမြို့နယ်၊ ဆန်ဖိတ် တပ်စခန်းနှင့် ၅၀၃၊ ၅၀၄ စခန်းတို့ကိုလည်း ဇူလိုင် ၁၃ ရက်တွင် TNLA က တိုက်ခိုက်ခဲ့သည်။ ဇူလိုင် ၁၈ ရက်တွင် မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ် အရှေ့ပိုင်းရှိ စစ်ကောင်စီတပ် ၏ လေးမျက်နာဘုရား၊ မောနိရကျောင်း၊ ညောင်သုံးပင်၊ ပတ္တမြားစေတီအနီးတဝိုက်တွင် စစ်ကောင်စီ တပ်နှင့် TNLA၊ မိုးကုတ်ဗျူဟာ PDF ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး မိုးကုတ် အရှေ့ပိုင်းတွင် ရေကန်တောင် စခန်း၊ တာဝါတိုင်စခန်း၊ ပတ္တမြားစေတီ စခန်း၊ ဖောင်တော်ဦး အနီးရှိ စခန်းများကို သိမ်းပိုက်ကာ လက်နက်ခဲယမ်းအချို့ကို ရရှိခဲ့သည်။ မိုးကုတ်မြို့အရှေ့ပိုင်းတွင် ကျန်ရှိသည့် စစ်တပ် ဗျူဟာကုန်းနှင့် စခန်းတချို့အား ဇူလိုင် ၂၄ ရက်တွင် တိုက်ခိုက်ပြီးနောက် မိုးကုတ်မြို့ကို (TNLA) ပူးပေါင်းတပ်ဖွဲ့မှ သိမ်းပိုက်နိုင်ခဲ့သည်။ မိုးကုတ်မြို့သိမ်းတိုက်ပွဲတွင် စစ်ကောင်စီ၏ အတွဲလိုက်ပစ်ဒုံး လက်နက်အပါအဝင် လက်နက်မျိုးစုံ ၂၀၀ ကျော်ရရှိပြီး စစ်သုံ့ပန်း ၃၀ ကျော် TNLA မှ ဖမ်းဆီးရရှိ ခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲနှင့် မိုးကုတ်မြို့နယ်တို့တွင် ဇူလိုင် ၂၀ မှ ၂၃ ရက်အတွင်း (TNLA) ပူးပေါင်းတပ်များနှင့် စစ်ကောင်စီတိုက်ပွဲများ၌ တပ်ဖွဲ့ဝင် ရုပ်အလောင်း ၅၄ လောင်း နှင့် စစ်သုံ့ပန်း ၄၀ ဦးပါ ဖမ်းဆီးရမိခဲ့သည်ဟု TNLA က ဇူလိုင် ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့နယ်၊ ရွှေအောင်သာ စစ်ကောင်စီတပ်စခန်းကို TNLA ပူးပေါင်းတပ်ဖွဲ့က ဇူလိုင် ၄ ရက်တွင် သိမ်းပိုက်ခဲ့သည်။ ဇူလိုင် ၇ ရက်တွင်လည်း ပူးပေါင်းတပ်ဖွဲ့က လက်ခုပ်ပင်စခန်း၊ လက်ခုပ်သံစခန်းနှင့် လယ်ကြီးစခန်းတို့ကို အပြီးသတ် တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ ဇူလိုင် ၉ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့နယ် သရက်တောစခန်း၊ မိုင်တိုင် (၆) တပ်စခန်းကို ထပ်မံသိမ်းပိုက်ရရှိခဲ့သည်။ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်လက်အောက်ခံ အခြေချဗျူဟာ အပါအဝင် ခလရ ၂၇၆၊ ခမရ ၃၄၈ တပ်ရင်းဌာနချုပ်များ အားလုံးကို TNLA နှင့် ပူးပေါင်းတပ်များက ဇူလိုင် ၃၁ ရက်တွင် သိမ်းပိုက်လိုက်သည်။

- ဇူလိုင် ၁၀ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့ရှိ စစ်ကောင်စီ၏ ဒုံးတပ်ရင်း (၆၀၆) ကို TNLA ပူးပေါင်းတပ်က သိမ်းပိုက်ရရှိခဲ့သည်။ ဇူလိုင် ၁၂ ရက်တွင် ဂုတ်တွင်းတပ်စခန်းကို TNLA ပူးပေါင်းတပ်က တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ လက်နက်ကြီး၊ ငယ် အလက် ၂၀ သိမ်းဆည်းရမိခဲ့သည်။

**MNDAA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့အနီးရှိ စစ်စခန်း ၄ ခုကို ဇူလိုင် ၂ နေ့တွင် မြောက်ပိုင်းမဟာမိတ်တပ်များက တစ်ပြိုင်နက်ထိုးစစ်ဆင်နေရာ တိုက်ပွဲပြင်းထန်နေပြီး အရပ်သား ၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ အရှေ့တောင်ဘက် ၁၀ မိုင်ခန့်အကွာ နမ့်ပေါင်ရှိ ခလရ -၂၉၁ တပ်ရင်း ဌာနချုပ်ကို MNDAA နှင့် ပူးပေါင်းတပ်များက ဇူလိုင် ၅ ရက်တွင် အပြီးသတ် သိမ်းပိုက်ခဲ့သည်။ စခန်းသိမ်းပိုက်စဉ် စကစတပ်ဘက်မှအင်အား ၃၀၀ ကျော် MNDAA ထံ လက်နက်ချ ခဲ့သည်။

- ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးခရိုင်၊ မိုင်းရယ်မြို့နယ်၊ ဟိုယကျေးရွာအုပ်စုထဲမှာ ကိုးကန့်တပ်ဖွဲ့ (MNDAA)နဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေ ဇူလိုင် ၃ ရက်က ပစ်ခတ်မှု စတင်ဖြစ်ပွားခဲ့ပါသည်။

- ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ထဲက ရပ်ကွက် (၅) တဝိုက်မှာ ဇူလိုင် ၆ ရက်ကစပြီး စစ်တပ်နဲ့ ကိုးကန့်တပ် (MNDAA) တို့ကြား တိုက်ပွဲပြင်းထန်လျက်ရှိသည်။

- ဇူလိုင် ၁၄ တွင် ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးမြို့၏ ခံတပ်စခန်းကြီးဖြစ်သော စစ်ကောင်စီ အမှတ် ၅၀၇ ခြေမြန်တပ်ရင်း(ခမရ)နဲ့ ကိုးကန့်တပ် (MNDAA) တို့ တိုက်ပွဲပြင်းထန်ခဲ့သည်။ တရုတ်ကွန်မြူနစ် ပါတီ၏ တတိယအကြိမ်ဗဟိုကော်မတီအစည်းအဝေးအား ဂုဏ်ပြုသောအားဖြင့် ဇူလိုင်လ ၁၄ ရက်မှ စတင်ပြီး ဇူလိုင်လ ၁၈ ရက်နေ့အထိ ပစ်ခိုက်တိုက်ခိုက်မှု ရပ်စဲထားရန် MNDAA မှ ကြေညာချက် ထုတ်ပြန်ထားသည်။

- တရုတ်နိုင်ငံ၏ တောင်းဆိုမှုကြောင့် ဇူလိုင်လ ၁၉ ရက်မှ ၃၁ ရက်အထိ ယာယီ အပစ်ရပ်ထားမည် ဖြစ်ကြောင်း MNDAA က ထုတ်ပြန်ထားသော်လည်း လားရှိုးမြို့ ရပ်ကွက် ၅ ရှိ ၅၀၇ တပ်စခန်းအနီး တဝိုက်တွင် ဇူလိုင် ၂၁ ရက်၌ တိုက်ပွဲများ ဖြစ်ပွားနေပြီး၊ စစ်ကောင်စီက လေကြောင်းအပြင် လက်နက်ကြီးများဖြင့်ပါ ပစ်ခတ်မှုများရှိခဲ့သည်။ ဇူလိုင် ၂၁ ရက်က လားရှိုးတိုက်ပွဲတွင် စစ်ကောင်စီ တပ်မှ ဗိုလ်မှူးကြီးဦးဆောင်ပြီး အရာရှိစစ်သည် ၃၁၇ ဦး လက်နက်ခဲယမ်းအပြည့်အစုံဖြင့် MNDAA ထံ လက်နက်ချ အလင်းဝင်ခဲ့သည်။ လားရှိုးမြို့အခြေစိုက် စစ်ကောင်စီ၏ ခလရ(၄၁)တပ်ရင်းနှင့် ခလရ (၆၈) တပ်ရင်းများကို MNDAA နှင့် မဟာမိတ်ပူးပေါင်းတပ်ဖွဲ့များက ဇူလိုင် ၂၃ ရက်တွင် သိမ်းပိုက် နိုင်ခဲ့သည်။ ဇူလိုင် ၂၅ ရက်တွင်လည်း စစ်ကောင်စီ၏ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် (ရမခ) ကို MNDAA က သိမ်းပိုက်နိုင်ခဲ့သည်။

- ရှမ်းပြည်မြောက်ပိုင်း၊ လာရှိုးအခြေစိုက် စစ်ကောင်စီ၏ ခြေလျင်တပ်ရင်း (ခလရ) ၆၈ တပ်ရင်းနှင့် ဆင်တောင်စခန်းတို့ကို ဇူလိုင် ၂၇ ရက်တွင် MNDAA နှင့် ပူးပေါင်းတပ်များ သိမ်းပိုက်ခဲ့သည်။ ထိုနေ့ တွင်ပင် လားရှိုးမြို့ မန်ဆူစေတီတွင် တပ်စွဲထားသော စစ်တပ် စခန်း၊ AD တိုးဂိတ် စခန်း အပါအဝင် စစ်ကောင်စီ တပ်ရင်း ၄ ခုကို သိမ်းပိုက်ခဲ့သည်။ ဇူလိုင် ၂၈ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုး မီးရထားဘူတာရုံကို MNDAA က သိမ်းပိုက်ခဲ့ပြီး အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တွင် တိုက်ပွဲများ ပြင်းထန်နေသည်။ MNDAA နှင့် BPLA တို့ပါဝင်သော မဟာမိတ်တပ်ပေါင်းစုသည် လားရှိုးမြို့ အခြေစိုက် ဆက်သွယ်ရေး တပ်ရင်း၊ အမှတ် ၇၀၀၅ သံချပ်ကာ တိုက်ခိုက်ရေးတပ်ရင်း၊ အမှတ်၂၄၂ စစ်လက်နက်တပ်ခွဲနှင့် တပ်မတော် ဂေါက်ကွင်းစခန်းများကို ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

**အာရက္ခတပ်တော် စစ်ဆင်ရေး**

- ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီမြို့ရှိ ခမရ-၅၆၆နှင့်သံတွဲလေဆိပ်ကို အာရက္ခတပ်တော် (AA) က ဇူလိုင် ၅ ရက်တွင် အပြီးသတ် သိမ်းပိုက်လိုက်ပါသည်။ သံတွဲဒေသတွင်း တိုက်ပွဲများတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင် ၄၀၀ ကျော် သေဆုံးခဲ့သည်။ မောင်တောမြို့နယ်၊ နခခ ၂ နယ်ခြားစောင့်တပ်စခန်းကို ဇူလိုင် ၆ ရက်တွင် အပြီးသတ် သိမ်းပိုက်ရရှိခဲ့ပြီး စစ်သားအလောင်း ၃၅၀ ကျော်နှင့် အတူ လက်နက် ခဲယမ်း အမြောက်အများ သိမ်းဆည်းရရှိခဲ့သည်။ ရခိုင်ပြည်၊ သံတွဲမြို့နယ်၊ လင်းသာကမ်းခြေတွင် ဆုတ်ခွာ လာသော စစ်ကောင်စီတပ်နှင့် AA တို့ အကြား ဇူလိုင် ၉ ရက်တွင် တိုက်ပွဲ ပြင်းထန်လျက်ရှိပြီး သံတွဲမြို့ အခြေစိုက် ခလရ(၅၅)တပ်ရင်းနှင့် မောင်တောမြို့ရှိ မကျည်းချောင်း စခန်းတို့ကို AA မှ ထပ်မံ သိမ်းယူ နိုင်ခဲ့သည်။

**ကရင်နီ စစ်ဆင်ရေး**

- ကရင်နီပြည်၊ လွိုင်ကော်မြို့တွင်  KNDF နှင့် စစ်ကောင်စီတို့ တကျော့ပြန်ဖြစ်ပွားနေသည့် တိုက်ပွဲသည် ဇူလိုင်လ ၃ ရက်မှ  ဇူလိုင်လ ၈ ရက်အထိ တိုက်ပွဲဆက်လက်ပြင်းထန်လျက် ရှိပါသည်။

**အခြား စခန်းသိမ်း၊ မြို့သိမ်း တိုက်ပွဲများ**

- ချင်းပြည်နယ်မြို့တော် ဟားခါးမြို့နှင့် ထန်တလန်မြို့ကြားက စစ်ကောင်စီတပ်စခန်းများကို ချင်းပြည် အစိုးရ ပူးပေါင်းတပ်များက ဇူလိုင် ၂၂ ရက်တွင် ထိုးစစ်ဆင်တိုက်ခိုက်ရာ စစ်စခန်း ၃ ခုကို အပြီးသတ် သိမ်းပိုက်နိုင်ခဲ့ပြီး ချင်းပူးပေါင်း တပ်ဖွဲ့မှ ရဲဘော် သုံးဦး ကျဆုံးခဲ့သည်။

- ဇူလိုင် ၂၈ ရက်တွင် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ရှိ စစ်ကောင်စီ၏ Auto တောင် စခန်း ၃ ခုကို Council ပူးပေါင်းတပ်ဖွဲ့က တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်တပ်ဘက်မှ ၁၅ ဦးသေဆုံးပြီး ၂ ဦး အရှင်ဖမ်း မိကာ လက်နက်ခဲယမ်းများ သိမ်းဆည်းရရှိခဲ့သည်။

**အခြား ထိတွေ့တိုက်ပွဲများ**

- ဇူလိုင် ၁၅ ရက်တွင် ပဲခူးတိုင်း၊ မင်းလှမြို့နယ်၊ ပဲခူးရိုးမအတွင်းရှိ ဆားချောင်းကျေးရွာသို့ လက်နက်ကြီး၊ လက်နက်ငယ်များ ပစ်ခတ်ကာ စစ်ကြောင်းတက်လာသော စစ်ကောင်စီတပ်ကို ကာကွယ်ရေးတပ်ဖွဲ့မှ ကြားဖြတ်တိုက်ခိုက်ခဲ့ရာ စစ်သား ၇ ဦးသေဆုံးခဲ့ပြီး စစ်တပ်မှ နေအိမ် ၃၀ ကို မီးရှို့ဖျက်ဆီးခဲ့သည်။

- ချင်းပြည်နယ်၊ ဟားခါးမြို့ ဝမ္မသူးမောင်းအားကစားကွင်းအနီးတွင်တည်ရှိသော မြို့မရဲစခန်းကို CDF-Hakha တပ်ဖွဲ့က ရှုန်းတောင်စစ်ဆင်ရေးအမည်ဖြင့် ဇူလိုင် ၂၀ ရက်တွင် ဝင်ရောက်စီးနင်းတိုက်ခိုက် ရာမှာ စစ်ကောင်စီလက်အောက်ခံ ရဲတပ် သား ၄ ဦးသေဆုံးကာ လက်နက်ခဲယမ်းအများအပြားလည်း သိမ်းဆည်းရမိခဲ့ပြီး အကျဉ်းသား ၆၂ ဦး (အမျိုးသား ၄၉ ယောက် နှင့် အမျိုးသမီး ၁၃ ယောက်) တို့ကို ကယ်ထုတ်နိုင်ခဲ့သည်။

- ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်ဘက်မှ မိုးမောက်မြို့နယ်ဘက်သို့ စစ်ကြောင်းထိုးလာသော တင့်ကားများ ပါဝင်သည့် စစ်တပ်စစ်ကြောင်းကို ဇူလိုင် ၁၅ ရက်တွင် KIA က ကြားဖြတ်တိုက်ခိုက်ခဲ့ပြီး ဇူလိုင် ၁၆ ရက်ထိ တိုက်ပွဲဖြစ်ပွားခဲ့သည်။

- ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်ရှိ စစ်ကောင်စီ ခမရ(၄၃၇) တပ်ရင်းကို KIA ပူးပေါင်းတပ်ဖွဲ့က ဇူလိုင် ၂၄ ရက်တွင် သိမ်းယူနိုင်ခဲ့ပြီး ဆုတ်ခွာသွားသည့် စစ်ကောင်စီတပ်များနှင့် ဇူလိုင် ၂၅ ရက်ထိ တိုက်ပွဲဆက်လက် ဖြစ်ပွားခဲ့သည်။

- ဇူလိုင် ၂၄ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ကချင်ပြည်နယ်၊ မိုးမောက်မြို့အနီးက စစ်ကောင်စီရဲ့ ခြေမြန်တပ်ရင်း ခမရ (၄၃၇) KIA နဲ့ PDF ပူးပေါင်းတပ်တွေ ထိုးစစ်ဆင် တိုက်ခိုက်နေပြီး တိုက်ပွဲပြင်းထန်နေပါသည်။

- ကရင်နီ(ကယား)ပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ နမ့်ဘော်ဝမ်၊ ပြည်သာယာရပ်ကွက်တွေမှာ ဇူလိုင် ၄ ရက်က စစ်ကောင်စီတပ်နဲ့ဒေသကာကွယ်ရေးတပ်ဖွဲ့တွေ တိုက်ပွဲဖြစ်ပွားခဲ့သည်။

- ကရင်နီပြည်နယ်၊ မြို့တော်လွိုင်ကော်တွင် ဇူလိုင်လ ၃ ရက်နေ့မှ ဇူလိုင် ၈ ရက်ထိ တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်တို့ တိုက်ပွဲ တကျော့ပြန် ပြန်လည်ဖြစ်ပွားခဲ့သည်။

- ကရင်နီပြည်နယ်၊ဖားဆောင်းမြို့အခြေစိုက် ခလရ (၁၃၄)နှင့် (၁၃၅) တပ်ရင်းကို ဇူလိုင် ၁၁ ရက်တွင် ဝင်ရောက် တိုက်ခိုက်ရာ ရဲဘော် သုံးဦး ကျဆုံးခဲ့သည်။

- ဇူလိုင် ၂၃ ရက်နှင့် ဇူလိုင် ၂၄ ရက်တွင် ကရင်နီပြည်နယ်၊ လွိုင်ကော်မြို့တွင် စစ်ကောင်စီတပ်က စစ်ကြောင်းထိုးလာသဖြင့် မိုင်းလုံး၊ ပန်ကန်း၊ ဒေါ်ဥခူနှင့် ထေးငွါလျား ရပ်ကွက်နှင့် GTC ကျောင်း၌ တိုက်ပွဲ ဖြစ်ပွားနေပြီး နှစ်ဖက်ထိခိုက်မှု ရှိကာ စစ်ကောင်စီက နေအိမ်များကို မီးရှို့ခဲ့သည်။

- ဇူလိုင် ၂၅ ရက်တွင် စစ်ကောင်စီတပ်က လွိုင်ကော်အခြေစိုက် ခလရ ၅၄ တပ်ရင်းသို့ လေကြောင်းဖြင့် လက်နက်နှင့် စစ်သားများ ပို့ဆောင်ခဲ့ပြီးနောက် ဇူလိုင် ၂၉ ရက်အထိ ကရင်နီပြည်နယ်၊ လွိုင်ကော်မြို့ လယ်ခေါင်၌ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

- ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်မြောက်ပိုင်း ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ ၇ နယ်မြေမှာ ဇူလိုင် ၅ ရက်က စစ်ကောင်စီတပ်နဲ့ KNLA ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲတွေ ပြင်းထန်နေပါသည်။

- ကရင်ပြည်နယ်၊ သံတောင်မြို့မှ တောင်ငူမြို့သို့ ဆင်းလာသည့် စစ်ကောင်စီယာဉ်တန်းကို ဇူလိုင် ၈ ရက်တွင် KNLA ပူးပေါင်းတပ်က ကြားဖြတ် တိုက်ခိုက်ရာ စစ်သား ၂၀ ထက်မနည်း သေဆုံးခဲ့သည်။

- ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူ - လိပ်သို လမ်းပိုင်းရှိ ကျောက်လုံးကြီးစခန်းနှင့် စစ်တပ်စစ်ကြောင်းကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ ဇူလိုင် ၁၀ ရက်၊ ဇူလိုင် ၁၇ ရက်နှင့် ဇူလိုင် ၂၂ ရက်တို့တွင် မိုင်းဆွဲ ပစ်ခတ် တိုက်ခိုက်ခဲ့ရာ စစ်သား ၂၇ ဦးသေဆုံးခဲ့ပြီး ၂ ဦး ဖမ်းဆီးရမိခဲ့သည်။

- မကွေးတိုင်း၊ ပေါက်မြို့နယ်အတွင်းရှိ စစ်ရေးပစ်မှတ်များကို ဇူလိုင် ၇ ရက်တွင် PDF ပူးပေါင်းတပ်ဖွဲ့က အညာဒေသ စစ်ဆင်ရေးအဖြစ် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပါသည်။

- မကွေးတိုင်း၊ ငဖဲမြို့နယ်၊ မင်းဘူး-အမ်းလမ်းပိုင်းတွင် စစ်ကောင်စီ၏ လေကြောင်းရန် ကာကွယ်ရေး တပ်စခန်းမှ စစ်ကြောင်းကို ဇူလိုင် ၉ ရက်တွင် ချုံခိုတိုက်ခိုက်ခဲ့ရာ စစ်သား ၅ ဦးသေဆုံးပြီး သေနတ် ၂ လက် သိမ်းဆည်းရရှိခဲ့သည်။

- ဇူလိုင် ၁၆ ရက်တွင် မကွေးတိုင်း၊ ပခုက္ကူမြို့နယ်ရှိ စစ်တပ် တပ်စွဲထားသော နေရာ ၃ ခုကို တစ်ပြိုင်နက်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့ရာ  စစ်ကောင်စီ တပ်သား ၅ ဦးသေဆုံးပြီး ၁၅ ဦးထက်မနည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

- မကွေးတိုင်း၊ မင်းတုန်းမြို့နယ်၊ ပုသိမ်-မုံရွာ လမ်းပိုင်းတွင် စစ်သားများလိုက်ပါလာသည့် FAW ကား ၁ စီးကို ဇူလိုင်၁၇ ရက်တွင် တော်လှန်ရေးတပ်ဖွဲ့များမှ ပစ်ခတ်တိုက်ခိုက်ရာ စစ်တပ်ဘက်မှ ၆ ဦး သေဆုံးခဲ့သည်။

- မန္တလေးတိုင်း၊ ငါန်းဇွန်မြို့နယ်၊ မြို့သာရဲစခန်းအဝင် ဂိတ်ကင်းစခန်းကို ဇူလိုင် ၂ ရက်နေ့တွင် တော်လှန်ရေးတပ်ဖွဲ့များမှ မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့ရာ စစ်သား ၃ ဦး သေဆုံးခဲ့သည်။

- မန္တလေးတိုင်း မတ္တရာမြို့နယ်က ဇူလိုင် ၆ ရက် တိုက်ပွဲတွေအတွင်း စစ်ကောင်စီတပ်ရဲ့ သံချပ်ကာယာဉ်တစ်စီးကို တိုက်ခိုက်ဖျက်ဆီးလိုက်နိုင်ခဲ့သည်။

- မန္တလေးတိုင်း၊ မတ္တရာမြို့နယ်နှင့် စဉ့်ကူးမြို့နယ်မှာ ဇူလိုင် ၉ ရက်တွင် MDY – PDF နှင့် စစ်ကောင်စီတို့ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီ တပ်ဖွဲ့ဝင် ကိုးဦးသေဆုံးကာ အရာရှိ အပါအဝင် စစ်ကောင်စီတပ်ဖွဲ့ဝင် လေးဦးကို အရှင်ဖမ်းဆီးနိုင်ခဲ့သည်။

- ဇူလိုင် ၉ ရက်က မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ မြေဖြူကုန်းရွာနှင့် မိုးနှောင်းကင်းကျေးရွာကြား ကားလမ်းပိုင်းတွင် စစ်ကောင်စီယာဉ်အား ပစ်ခတ်တိုက်ခိုက်ရာ တပ်မ(၉၉)လက်အောက်ခံ မြင်းခြံ

ခမရ(၁၅)မှ ဒုအရာခံဗိုလ်များ၊ တပ်ကြပ်ကြီးများ ၊ဒုတပ်ကြပ်များအပါ စစ်သုံ့ပန်း ၁၁ ဦး၊ စစ်သူနာပြု တစ်ဦး၊ အရာရှိကတော်တစ်ဦး စုစုပေါင်း ၁၄ ဦးအား လက်နက်ခဲယမ်းများနှင့်အတူ အရှင်ဖမ်းဆီးရရှိခဲ့ သည်။

- ဇူလိုင် ၁၅ ရက်က မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ ဇရပ်ကြီးရွာအနီးတွင် စစ်တပ်စစ်ကြောင်းကို ပြည်သူ့ကာကွယ် ရေးပူးပေါင်းတပ်ဖွဲ့မှ ၄ ရက်ဆက် တိုက်ခိုက်ခဲ့ရာ စစ်သား ၃၀ ကျော်သေဆုံးပြီး သေနတ် ၁ လက်သိမ်းဆည်း ရရှိခဲ့သည်။

- နေပြည်တော်ရှိ အေလာလေဆိပ်ကို ဇူလိုင် ၁၆ ရက် တိုက်ခိုက်မှုအတွင်း စစ်တပ်က ၁၆ ဦးသေပြီး အနည်းဆုံး လေယာဉ် ၃ စီး ထိခိုက်ပျက်စီးသွားတယ်လို့ Brave Warriors for Myanmar (BWM) ရဲ့ထုတ်ပြန်ချက်အရ သိရှိရပါသည်။

- ဇူလိုင် ၂၀ ရက်တွင် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်အခြေစိုက် အင်းနက်ကျေးရွာ စစ်ဆေးရေးဂိတ်နှင့် စခန်းကုန်းကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်တပ်မှ တပ်ကြပ်ကြီး ၅ ဦး၊ တပ်ကြပ် ၃ ဦး သေဆုံးကာ ဒုအရာခံဗိုလ် ရွှေသိန်း၊ တပ်ကြပ်ကြီး ၄ ဦး၊ တပ်ကြပ် ၃ ဦးတို့ကို အရှင် ဖမ်းဆီးရရှိခဲ့ပြီး စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ၂ ကြိမ် ပစ်ကူတိုက်ခိုက်ခဲ့သည်။

- မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်ရှိ စစ်ကောင်စီ၏ တွင်းငယ်ရဲစခန်းကို KIA က ဇူလိုင် ၂၅ ရက်တွင် ထပ်မံတိုက်ခိုက်သိမ်းပိုက်ခဲ့ရာ ရန်သူတပ်သား ၄ ဦး သေဆုံးပြီး ၂ ဦး အရှင်ဖမ်းမိခဲ့သည်။

- ဇူလိုင် ၂၇ ရက်တွင် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ မြင်းခြံ-နဘူးအိုင်လမ်းပေါ်တွင် စစ်ကား ၂ စီးကို တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်အရာရှိ ၁ ဦး အပါအဝင် စစ်သား ၁၃ ဦး သေဆုံးခဲ့သည်။

- ဇူလိုင် ၉ ရက်က မွန်ပြည်နယ်၊ ရေးမြို့နယ်တွင် စစ်ကောင်စီ၏ ခလရ(၁၀၆)၊ အမြောက်တပ်(၃၁၇) တို့မှ အင်အား ၁၀၀ ကျော်ပါ စစ်ကောင်စီတပ်စစ်ကြောင်းကို တိုက်ခိုက်မှုအတွင်း စစ်ကောင်စီဘက်မှ ၅ ဦး သေဆုံးကာ ၃ ဦး ဒဏ်ရာရခဲ့သည်။

- မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ပိန္နဲကုန်းနဲ့ကျောက်ပုံကြီးကျေးရွာတို့မှာ ဇူလိုင် ၁၈ ရက်က စစ်ကောင်စီတပ်နဲ့ KNLA ပူးပေါင်းတပ်တို့ကြား နှစ်ဖက်တိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။

- ဇူလိုင် ၂၉ ရက်တွင် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ဝဲခမိကျေးရွာနဲ့ရွာသာအေးကျေးရွာအကြား စစ်ကောင်စီတပ်နဲ့ တော်လှန်ရေးအင်အားစု ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်က ငါးဦးသေဆုံးခဲ့သည်။
- ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေမှာ အခြေစိုက်ထားတဲ့ စစ်ကောင်စီရဲ့ အမှတ် - ၅၅ ခြေလျင်တပ်ရင်းနဲ့ အမှတ် -၅၆၆ ခြေမြန်တပ်ရင်း နှစ်ခုကို ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ ရက္ခိုင့်တပ်တော် (AA) က တစ်ပြိုင်နက်တည်း ထိုးစစ်ဆင် တိုက်ခိုက်နေတာကြောင့် တိုက်ပွဲ ပြင်းထန်နေပါသည်။

- ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ် ငပလီ၊ ဂျိတ္တောရပ်ကွက်နဲ့ ဟိုတယ်ဇုန်တွေအနီး ဇူလိုင် ၁၉ ရက်မှာ စစ်ကောင်စီတပ်နဲ့ AA တို့ တိုက်ပွဲပြင်းထန်ခဲ့သည်။

- ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာသော စစ်ကောင်စီ သင်္ဘောနှစ်စီးကို စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်အတွင်း စစ်ကိုင်းခရိုင်အမှတ်လေး တပ်ရင်း(MSPDF) က ဇူလိုင် ၅ ရက်တွင် ကြားဖြတ် တိုက်ခိုက်ခဲ့ပါသည်။

- စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်ရှိ စစ်ကောင်စီတပ်စွဲထားသော အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းတို့ကို ဇူလိုင် ၇ ရက်တွင် ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (PLA) က တပြိုင်တည်း ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပြီး အမျိုးသမီး ပြည်သူ့စစ် (ပျူစောထီး) အဖွဲ့ဝင်၂ ဦးအား ဖမ်းဆီးရမိခဲ့သည်။

- စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်တွင် ဇူလိုင် ၈ ရက်က စစ်တပ်စစ်ကြောင်းနှင့် အထိုင်စခန်းကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် ဒရုန်းဖြင့် ဗုံးကျဲခြင်းတို့ကြောင့် စစ်တပ်ဘက်မှ ၂၀ ဦး ထက်မနည်းသေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ဆားတောင်မြို့ရဲစခန်းကို ဇူလိုင် ၁၂ ရက်တွင် PDF တပ်ဖွဲ့များ ဝင်ရောက်တိုက်ခိုက်ရာ စစ်တပ်ဘက်မှ ၁၅ ဦး သေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့ အနောက်ခြမ်း ၁၄ မိုင်ခန့်အကွာရှိ ကူးတိုးဆိပ်ရွာတွင် အထိုင်ချတပ်စွဲနေသည့် စစ်ကောင်စီတပ်နှင့် ပျူစောထီးပူးပေါင်းတပ်စခန်းကို ဇူလိုင် ၁၃ ရက်တွင် တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင်များ စခန်းကို စွန့်ခွာထွက်ပြေးခဲ့ပြီး PDF တစ်ဦးကျဆုံးခဲ့သည်။

- ဇူလိုင် ၁၉ ရက်တွင် စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့ပေါ် စစ်တပ်အထိုင်ချတပ်စွဲထားသည့် ရဲစခန်း၊ ထွေအုပ်ရုံး၊ ဆေးရုံ၊ မင်းကန်ကြီးဆည်ဘောင်နှင့် တာဝတိံသာဘုန်းကြီးကျောင်းတို့ကို PDF တပ်ဖွဲ့များက ဒရုန်း၊ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ PDF ရဲဘော်တစ်ဦး ကျဆုံး ခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ကျီကုန်းကျေးရွာတံတားဂိတ်စခန်းအား ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့မှ ဇူလိုင် ၂၄ ရက်တွင် တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၁၆ ဦးသေဆုံးပြီး လက်နက်ခဲယမ်းအများအပြား သိမ်းဆည်း ရရှိခဲ့သည်။

- ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ်အတွင်း စစ်ကြောင်းထိုးလာသည့် စစ်တပ်ကို ဇူလိုင် ၅ ရက်တွင် Ywangan PDF - JPRF ကြားဖြတ်တိုက်ခိုက်ရာ စစ်သား ၁၂ ဦး ထက်မနည်းသေဆုံးပြီး လက်နက် ခဲယမ်းများ သိမ်းဆည်းရရှိခဲ့သည်။

- ရှမ်းပြည်နယ် တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ နန့်ဗွမ်ကျေးရွာမှ ဆိုင်ကယ်ဖြင့် ထွက်လာသော စစ်တပ် လက်အောက်ခံ PNO အဖွဲ့ဝင် ၂ ဦးကို ဇူလိုင် ၁၄ တွင် ပစ်ခတ်တိုက်ခိုက်ရာ ၂ ဦးလုံးသေဆုံးပြီး သေနတ် ၂ လက် သိမ်းဆည်းရရှိခဲ့သည်။

- ဇူလိုင် ၁၉ ရက်က ရှမ်းပြည်တောင်ပိုင်း၊ အင်လေးဒေသ၊ ညောင်ရွှေမြို့နယ် စံကားကျေးရွာတိုက်ပွဲမှာ စစ်ကောင်စီနဲ့ PNA ၂၀ ကျော် သေဆုံးပြီး တော်လှန်ရေးတပ်ပေါင်းစုဘက်ကလည်း ၄ ဦး ကျဆုံးခဲ့ သည်။

- တနင်္သာရီတိုင်း ရေဖြူမြို့နယ် ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းအနီးမှာရှိတဲ့ လဲရှောင်ရွာအနီးမှာ ဇူလိုင် ၂ ရက်က စစ်ကောင်စီတပ်နဲ့ ဒေကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပြီး PDF တပ်ဖွဲ့ဝင် ငါးဦး ကျဆုံးခဲ့သည်။

- တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်တွင် စစ်ကောင်စီ တပ်သားများ လိုက်ပါလာသည့် ကား ၂ စီးကို ဇူလိုင် ၈ ရက်တွင် တော်လှန်ရေး တပ်ဖွဲ့များက ပစ်ခတ် တိုက်ခိုက်ရာ စစ်တပ်ဘက်မှ ၇ ဦးသေဆုံးခဲ့ သည်။


- ဇူလိုင် ၂၀ ရက်မှ ၂၄ ရက်နေ့အထိ တနင်္သာရီတိုင်း၊ ကျွန်းစုမြို့နယ်ထဲက ကျောက်ပုစွန်တောင်၊ ဝါရစ်နဲ့ ဂျိုးတောင်ကျေးရွာ အနီးတစ်ဝိုက်မှာ စစ်ကောင်စီတပ်နဲ့ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တွေကြား နှစ်ဖက်တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီ တပ်သား ၄၀ ထက်မနည်း သေဆုံးခဲ့သည်။

- တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ လယ်သစ်ရွာအနီးတွင် ဇူလိုင် ၁၈ ရက်မှ ဇူလိုင် ၂၈ ရက်အထိ တိုက်ပွဲပြင်းထန်နေပြီး စစ်ကောင်စီတပ်သား ၃၀ ကျော်သေဆုံးခဲ့သည်။

**ဇူလိုင်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ ရရှိသော သတင်းများအပေါ်အခြေခံထားပါသည်။**

| Data of Myanmar Conflict July 2024 Total | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Air Strike** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | 17 | | | |
| **BAGO** | 4 | 13 | | | 5 | 35 | | | 30 |
| **CHIN** | 10 | 28 | 3 | | 1 | | 3 | | |
| **KACHIN** | 10 | | | | | 3 | 1 | | |
| **KARENNI** | 22 | | 3 | | | | 1 | | |
| **KAYIN** | 5 | 47 | | | | | | | |
| **MAGWAY** | 18 | 47 | | | 16 | | 5 | | 30 |
| **MANDALAY** | 87 | 222 | 2 | 5 | 52 | 121 | 56 | | 615 |
| **MON** | 9 | 15 | 12 | | 23 | 2 | 1 | | |
| **RAKHINE** | 16 | 752 | | | 17 | 100 | 8 | | |
| **SAGAING** | 26 | 104 | 3 | 2 | 36 | 34 | 2 | | 221 |
| **SHAN (North)** | 121 | 31 | 2 | 2 | 77 | | 24 | | 20 |
| **SHAN (South)** | 3 | 34 | 4 | | 3 | | | 1 | 14 |
| **TANINTHARYI** | 24 | 91 | 6 | 1 | 6 | 2 | 2 | | 26 |
| **TOTAL** | **355** | **1384** | **35** | **10** | **236** | **314** | **103** | **1** | **956** |

**Map of Myanmar Conflict ( July 2024 Total )**



**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Myanmar Pressphoto Agency,**

**Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, MeKong News,**

**Than Lwin Times, PVTV, Khonumthung Burmese.**